# နေရာထိုင်ခြင်း

ဒေသန္တရအစိုးရအဖွဲ့အစည်းများ နှင့် ကျောင်းမှ စီစဉ်ဆောင်ရွက်သော ကျောင်းအဆောင်များလည်း ရှိသော်ငြား၊ နိုင်ငံတကာကျောင်းသားများ၏ 75% ခန့်သည် ပုဂ္ဂလိကအိမ်ရာနှင့်တိုက်ခန်းများတွင် နေထိုင်လျက် ရှိသည်။

## ကျောင်းသားအဆောင်

### အားသာချက်

. ကုန်ကျစရိတ်နည်းသည်။
. ကမ္ဘာ့နိုင်ငံအသီးသီးမှ လူများနှင့် ထိတွေ့ဆက်ဆံ နိုင်သည်။
. အိမ်သုံးလျှပ်စစ်ပစ္စည်းများ စသည်ကို ကိုယ်တိုင်ဝယ်ရန် မလိုအပ်ပါ။


### အားနည်းချက်

. အခန်းအရေအတွက်တွင် အကန့်အသတ် ရှိသောကြောင့် နေထိုင်လိုသူအားလုံးအတွက် စီစဉ် မပေးနိုင်ပါ။
. အဆောင်တံခါးပိတ်ချိန် နှင့် အိပ်ရာထချိန် စသည့် စည်းမျဉ်းစည်းကမ်းများ ရှိသည်။
. ဘုံသုံး မီးဖိုချောင်၊ အိမ်သာ နှင့် ရေချိုးခန်း ဖြစ်သည်။










## တိုက်ခန်း

### အားသာချက်

• မိမိစိတ်တိုင်းကျ နေထိုင်မှုစည်းချက်အတိုင်း နေထိုင်နိုင်သည်။
• ကိုယ့်အားကိုယ်ကိုးသော စိတ်နလုံးကို ဖြစ်ထွန်းစေသည်။
• ငွေကိုတန်ဖိုးထားသုံးစွဲသည့် အကျင့်ရစေသည်။

### အားနည်းချက်

• ကုန်ကျစရိတ်များသည်။ စပေါ်ငွေ (အိမ်လခ လအနည်းငယ်စာ။ အာမခံငွေဟု ခေါ်ဝေါ်သော နယ်ပယ်ဒေသများလည်း ရှိသည်)၊ ပြန်မအမ်းသောငွေ၊ အိမ်ခန်းရှာပေးမှုဝန်ဆောင်ခ စသည်ကို ပေးချေရပြီး၊ ဝင်ရောက်နေထိုင်ခြင်း မပြုမီ ကြိုတင်ပေးချေရသည်။
• စီမံလုပ်ဆောင်ရသည်များ ရှုပ်ထွေးသည်။ အိမ်ရှင် (သို့) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုရန် လိုအပ်သည်။
• အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အစမှ အဆုံး စုံအောင် မိမိဘာသာ ဝယ်ရမည် ဖြစ်သည်။

### ပူးတွဲ အာမခံ

ဂျပန်နိုင်ငံတွင် တိုက်ခန်းငှားရမ်းသည့်အခါ များသောအားဖြင့် “ပူးတွဲအာမခံသူ” လိုအပ်သည်။ သင်သည် ပေးရန် အချိန်စေ့သောနေ့အထိ အိမ်ငှားခကို ပေးချေမှု မရှိခြင်း အိမ်ရှိပစ္စည်းပစ္စယများကို ထိခိုက်ပျက်စီးစေပြီး ပြန်လည်ပြုပြင် ပေးချေမှုမရှိခြင်း အခါများ၌ အိမ်ရှင်ပူးတွဲ အာမခံပုဂ္ဂိုလ်အား ပေးချေရန် တောင်းဆိုမည် ဖြစ်သည်။ ဂျပန်လူမျိုး အသိမိတ်ဆွေ နည်းပါးသော နိုင်ငံတကာကျောင်းသားများအတွက် ကျောင်းနှင့် နီးနွယ်သူ (အဖွဲ့အစည်း/ နည်းပြဆရာ) စသည်ပူးတွဲ အာမခံပုဂ္ဂိုလ်အဖြစ် လက်ခံဆောင်ရွက်ပေးသည့် စနစ်လည်းရှိသည်။

※ နိုင်ငံတကာကျောင်းသားများအတွက်
ပြည့်စုံသောအိမ်ငှားအာမခံလျော်ကြေးစနစ် (Comprehensive Renters' Insurance Program for Foreign Students Studying in Japan)
ဤအာမခံကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပညာရေးဝန်ဆောင်မှုအသင်း မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး၊ မတော်တဆ မီးလောင်ခြင်းစသည့် အရေးပေါ် အမှုကိစ္စရပ်များ ကာကွယ်ရန်နှင့် အိမ်ငှားရာတွင် အာမခံပုဂ္ဂိုလ်အား ဒုက္ခမဖြစ်စေရန်အတွက် ရည်ရွယ်သော စနစ် ဖြစ်သည်။
ဤအစီအစဉ်ကို အသုံးပြုနိုင် မပြုနိုင်ကို မိမိတက်နေသော ကျောင်း သို့မဟုတ် တက်မည့်ကျောင်း၏ ကျောင်းသားရေးရာဌာနနှင့် တိုင်ပင်ပါ။

### အချက်အလက်စုဆောင်းခြင်း

・ကျောင်း၏ နိုင်ငံတကာကျောင်းသားများအတွက် ဆက်သွယ်ရမည့်တာဝန်ခံ အင်တာနက်၊ အချက်အလက်မဂ္ဂဇင်း
・မိမိနေထိုင်လိုသော နယ်မြေတွင် ရှိသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း

### အိမ်ခန်းရှာဖွေရေး အဓိကအချက်

☐ အိမ်ငှားခ၊ ကနဦးကုန်ကျစရိတ်မှာ ?
☐ ကျောင်းမှ အကွာအဝေး/ ကျောင်းသွားပြန်ရန်ကြာချိန် ?
☐ အိမ်ခန်းအကျယ်၊ ပါဝင်သောအသုံးအဆောင်ပစ္စည်းများ ?
☐ အနီးပတ်ဝန်းကျင်၏ အဆင်ပြေချောမွေ့မှုအနေအထား (ဘူတာရုံနှင့်နီးခြင်း၊ ဈေးဝယ်ရလွယ်ကူခြင်း စသည်) မှာ ?